# အဆစ်ရောင်နှင့် တိုင်းရင်းဆေးပညာ

ဂင်းမြင့်၊ ခင်မာရီ၊ ဥမ္မာမြတ်(တိုင်းရင်းဆေးတက္ကသိုလ်)

(၁) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ (၂) ပိုမိုကောင်းမွန်သော စံကုထုံးများ ပေါ်ထွန်းစေရန်နှင့် (၃) Evidence Based Traditional Medicine ကုထုံးများသို့ ရောက်ရှိနိုင်စေရန် ဟူသော ရည်ရွယ်ချက် (၃)ရပ်ဖြင့် ပြုစု ထားပါသည်။

လေ့လာသည့် အကြောင်းအရာမှာ ၂၀၀၉ ခုနှစ်၊ မန္တလေးတိုင်းရင်းဆေးရုံ၊ အထွေထွေကု ရောဂါဌာနသို့ တက်ရောက်ကုသခဲ့သော အဆစ်ရောင် လူနာများအား လေ့လာခြင်းဖြစ်ပါသည်။

အဓိကရှာဖွေတွေ့ရှိချက်အဖြစ် အဆစ်ရောင်လူနာ (၈၆)ဦးအား ပုံမှန်တိုင်းရင်းဆေးခန်း/ ဆေးရုံသုံး တိုင်းရင်းဆေးဝါးအပြင် သုတေသနပြုပြီး ဆေးဝါးများဖြင့် ဖြည့်စွက်ကုသရာတွင် အကြောင်းဆေးချက်တစ်မျိုးတည်းကုသခြင်းထက် သက်သာပျောက်ကင်းမှုများခြင်း၊ ခံစားရသည့် လက္ခဏာများ သက်သာမှု မြန်ဆန်ခြင်း၊ အကျိုးကျေးဇူးများ တွေ့ရသည်။

အဆစ်ရောက်လူနာများအား ဒေသနာဆေးပညာအရ အကြောင်းဆေးချက်နှင့် သုတေသနပြုပြီး တိုင်းရင်းဆေးဝါးများဖြင့် ဖြည့်စွက်ကုသခြင်းသည် သက်သာပျောက်ကင်းမှု နှုန်းများခြင်း၊ ခံစားလက္ခဏာများ သက်သာမှု မြန်ဆန်ခြင်းတို့ကြောင့် ယခုထက်ပိုမို ကောင်းမွန်သော စံကုထုံးများနှင့် သုတေသန အခြေပြု တိုင်းရင်းဆေးဝါးများကို စဉ်ဆက်မပြတ် သုတေသနပြု လေ့လာ ဖော်ထုတ် အသုံးပြုသင့်ကြောင်း အကြံပြု သုံးသပ် တင်ပြ အပ်ပါသည်။